## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## မြန်မာ့ကျောက်မျက်ရတနာဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၅)
## ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
## (၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ကျောက်မျက်ရတနာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ကျောက်မျက်ရတနာ ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ စလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညို့နီလာ၊ နဂါးသွဲ့၊ ကျန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ သို့မဟုတ် နက်ဖရိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် စလင်းအုပ်စု၌ပါဝင် သော ရတနာတန်းဝင်ကျောက်များလည်း ပါဝင်သည်။ ထို့ပြင် သတ္တုတွင်း ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း ဆိုသည်မှာ သဘာဝအတိုင်း ရှိနေသော ကျောက်မျက်ရတနာအရိုင်းကို ရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်၊

(ဂ) လက်ဝတ်ရတနာ ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ပါရှိသည့် လက်ဝတ်ရတနာကို ဆိုသည်၊

(ဃ) လက်ဝတ်ရတနာပြုလုပ်ခြင်း ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ကို လက်ဝတ်ရတနာပြုလုပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်၊

(င) ခွင့်ပြုမိန့် ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(စ) လိုင်စင် ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်၊

(ဆ) ရတနာခွန် ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းအတွက် ဖြစ်စေ၊ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာ ရောင်းချခြင်အတွက်ဖြစ်စေ ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုသည်၊

(ဇ) ကုမ္ပဏီ ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မြန်မာကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားများသာ ပါဝင်သော ကုမ္ပဏီကို ဆိုသည်၊

(ဈ) အသင်း ဆိုသည်မှာ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းကို ဆိုသည်၊

(ည) ဗဟိုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်၊

(ဋ) တန်းဖိုးဖြတ်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာတန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို ကုမ္ပဏီနှင့် သမဝါယမအသင်းများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊

(ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါမရွေး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရန်။

## အခန်း (၃)
## ရတနာနယ်မြေသတ်မှတ်ခြင်း

၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ပြီးသည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူများပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ဤဥပဒေမပြဋ္ဌာန်းမီက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ရှိရင်းစွဲရတနာမြေများသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ရတနာနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ သတ္တုတွင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၇။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေ၏အပေါ်ယံ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့် ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ သဘာဝအလျောက် တွေ့ရှိရသော ကျောက်မျက်ရတနာသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)
## ကျောက်မျက်ရတနာလုပ်ကွက် သတ်မှတ်ခြင်း

၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာ -

(က) ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့် နေရာများကို ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်၊

(ခ) ရတနာနယ်မြေမှအပ အခြားမြေလွတ်မြေလပ်များတွင် ကျောက်မျက်ရတနာ တူးဖော်နိုင်သည့် အခြေအနေတွေ့ရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်နိုင်သည်။

## အခန်း (၅)
## ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၉။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၈ အရ သတ်မှတ်ပြီးသော ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်း အတွက် လုပ်ကိုင်ခွင့်သက်တမ်းကို သတ်မှတ်ရမည်၊

(ခ) လုပ်ကိုင်ခွင့်သက်တမ်း သတ်မှတ်ပြီးသော ကျောက်မျက်ရတနာ လုပ်ကွက် တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်၊

(ဂ) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ပြီးသော ကျောက်မျက်ရတနာလုပ်ကွက်များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။

၁၀။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ အသင်းသည် အသင်းစည်းကမ်းအရလည်းကောင်း

ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည်။ ထို့ပြင် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ညီညွတ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သတ္တုတွင်းဝန်ကြီးဌာနက ကျောက်မျက်ရတနာ လုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူသည့်အခါ လုပ်ကွက်တစ်ခုအတွက်ဖြစ်စေ၊ တစ်ခုထက်ပိုသော လုပ်ကွက်များအတွက်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။

၁၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အခါတိုင်း ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းကို ထပ်မံသတ်မှတ်ရမည်၊

(ခ) လုပ်ကိုင်ခွင့်သက်တမ်း ထပ်မံသတ်မှတ်ပြီးသော ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို ပြန်လည်သတ်မှတ်ရမည်၊

(ဂ) ကြမ်းခင်းဈေးနှုန်း ပြန်လည်သတ်မှတ်ပြီးသော ကျောက်မျက်ရတနာ လုပ်ကွက်များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။

၁၄။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဖော်ထုတ်လုပ်ကွက်အဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် နေရာဒေသအတွင်းရှိ မြေကို တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသူသည် အဆိုပါ မြေ၌

ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၁၅။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ဖော်ထုတ်လုပ်ကွက်အဖြစ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုသင့်ကြောင်း သဘောရရှိလျှင် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို သတ်မှတ်ရမည်၊

(ခ) သတ်မှတ်သော ဈေးနှုန်းကို လျှောက်ထားသူက ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်၊

(ဂ) ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အခါတိုင်း ဖော်ထုတ်လုပ်ကွက်တစ်ခုချင်း အတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

## အခန်း (၆)

## ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏တာဝန်နှင့် အခွင့်အရေးများ

၁၆။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာ အရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ သွားရောက်ပြသ၍ မှတ်ပုံတင်ရမည်၊

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်၊

(င) ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည် -

(၁) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

၁၇။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင် -

(က) ယင်း ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြု၍ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့် ရှိသည်၊

(ခ) ယင်း ကျောက်မျက်ရတနာ အရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကို လည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်၊

(၂) နိုင်ငံသားများအား မြန်မာငွေဖြင့် လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်၊

(၃) နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့် ရောင်းချခွင့်ရှိသည်၊

(၄) နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်၊

(၅) အစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင် ရောင်းချခွင့်ရှိသည်၊

(၆) မိမိအစီအစဉ်ဖြင့် နိုင်ငံခြားမှ ရတနာကုန်သည်များကို ဖိတ်ခေါ်၍ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်ရှိသည်။

၁၈။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့် ကျောက်မျက်ရတနာတန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

၁၉။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ရောင်းချမည်ဆိုပါက အမှန်တကယ် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း၊

ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို လည်းကောင်း အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၇)

## ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၂၀။ မည်သူမဆို ဆိုင်ခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ အရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကို ဖြစ်စေ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၁။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) လိုင်စင်သက်တမ်းနှင့် လိုင်စင်ခတို့ကို လိုအပ်သလို သတ်မှတ်ရမည်။

၂၂။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်၊

(ဃ) အစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်၊

(ဂ) ရရှိထားသော လိုင်စင်ကို တစ်ဆင့် ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ။

၂၃။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာ ပြုလုပ်ခွင့် ရှိသည်၊

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာ အရိုင်းကို လည်းကောင်း၊ ကျောက်မျက်ရတနာ အချောထည်ကို လည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်၊

(၂) နိုင်ငံသားများအား မြန်မာငွေဖြင့် လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်၊

(၃) နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့် ရောင်းချခွင့် ရှိသည်၊

## အခန်း (၈)

## တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြားသင့်လျော်သူများ ပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့် နေရာဒေသအလိုက် ဖွဲ့စည်းရမည်၊

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၅။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ် အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၆။ တန်းဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းက ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ မိမိထံ လာရောက်ပြသသော ကျောက်မျက်ရတနာ အရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊

(ခ) မှတ်ပုံတင်ထားပြီးသော ကျောက်မျက်ရတနာ အရိုင်းကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးသတ်မှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ တန်ဖိုးသတ်မှတ်ချက်အပေါ် ရတနာခွန်ကောက်ခံနိုင်ရန် သက်ဆိုင်ရာ ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ လာရောက်ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၉)

## ရတနာခွန်ပေးဆောင်ခြင်း

၂၇။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် -

(က) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သော တန်ဖိုးအပေါ်

အခြေပြု၍ အောက်ပါ ရာခိုင်နှုန်းအတိုင်း မြန်မာငွေဖြင့် ရတနာခွန်ပေးဆောင်ရမည် -

(၁) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(၂) ပုဒ်မခွဲငယ် (၁) ပါ ကျောက်မျက်ရတနာများမှအပ အခြား ကျောက်မျက်ရတနာဖြစ်ပါက ၁၀ ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ (က) အရ ရတနာခွန်ပေးဆောင်ပြီးနောက် မြန်မာငွေဖြင့် ရောင်းချသည့်အခါ ယင်း ကျောက်မျက်ရတနာ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၈။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၇ အရ ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကို မိမိကိုယ်တိုင် နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာခွန် ပေးဆောင်ရမည်။

၂၉။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၇ အရ ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာခွန် ပေးဆောင်ရမည်။

၃၀။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာခွန်ပေးဆောင်ရမည်။

၃၁။ (က) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၈ အရ လည်းကောင်း၊ ပုဒ်မ ၂၉ အရ လည်းကောင်း နိုင်ငံခြားငွေဖြင့် ရတနာခွန် ပေးဆောင်ပြီးသည့်အခါ ယင်းကျောက်မျက်ရတနာ ရောင်းချခြင်းနှင့်

စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်၊

(ခ) လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ အရ နိုင်ငံခြားငွေဖြင့် ရတနာခွန်ပေးဆောင်ပြီးသည့်အခါ ယင်းကျောက်မျက်ရတနာ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

## အခန်း (၁၀)
## ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၂။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၃) | ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၄) | သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၃၃။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီသည် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၄။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ ဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဆောင်ရွက်သင့်သည်များကို သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ခ) ရတနာနယ်မြေသတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာ လုပ်ကွက်သတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဂ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းများ ချောမွေ့အောင်မြင်စေရန်အတွက် အစိုးရက ပံ့ပိုးကူညီသင့်သည်များကို သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဃ) ကျောက်မျက်ရတနာ အမျိုးအစားအလိုက် ရတနာခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ သတ်မှတ်သင့်သော ရာခိုင်နှုန်းကို သတ္တုတွင်းဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း၊

(င) ရတနာခွန်စည်းကြပ်ရန် အလို့ငှာ တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်သူက ပြင်ဆင်ပေးရန် တင်ပြချက်အပေါ် အပြီးသတ်အဆုံးအဖြတ်ပေးခြင်း၊

(စ) တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုးကို အမှန်တကယ်ဖြစ်ထိုက်သည့် တန်ဖိုးထက် လျော့နည်း၍လည်းကောင်း၊ ပိုမို၍လည်းကောင်း သတ်မှတ်ထားကြောင်း သိရှိရပါက လိုအပ်သလို ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း ပပျောက်စေပြီး ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) သတ္တုတွင်းဝန်ကြီးက လွှဲအပ်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို လေ့လာစိစစ်ပြီး အကြံပြုချက်များ၊ ထောက်ခံချက်များ တင်ပြခြင်း။

**အခန်း (၁၁)**

**စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ**

၃၅။ သတ္တုတွင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။

၃၆။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင် စည်းကမ်းများကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်းရှိမရှိစစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၃၇။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာနမှ သင့်လျော်သော အရာရှိများကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(ခ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၈။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးအားလည်းကောင်း နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်းဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၀။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရှိသူကဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာ လုပ်ကွက်မှတစ်ပါး အခြား လုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံမတင်ဘဲ အခြား ကျောက်မျက်ရတနာ အရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း။

၄၁။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ကျောက်မျက်ရတနာ အရိုင်းကို ခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း။

၄၂။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၁ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာ အရိုင်းကို တရားမဝင်လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ -

(၁) လိုင်စင်မရရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊

(၂) နိုင်ငံခြားငွေဖြင့် ရောင်းချရာ၌ သတ်မှတ်ချက်များနှင့်အညီ ရတနာခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း။

၄၃။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရှိသူကဖြစ်စေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) နှင့် စပ်လျဉ်းသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့်ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၁၄)

## အထွေထွေ

၄၆။ မြန်မာ့သတ္တုတွင်း ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်မျက်ရတနာနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် လိုက်နာဆောင်ရွက်ရမည်။

၄၇။ ဤဥပဒေအရ ရရန်ရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၈။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် ပါမစ်သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်၊

(ခ) ပုဒ်မခွဲ (က) အရ သက်တမ်းမကုန်ဆုံးသေးသော ကာလအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော ဖက်စပ်လုပ်ငန်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်း လုပ်ကိုင်နေသော လုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄၉။ ဤဥပဒေတွင် ကုမ္ပဏီ သို့မဟုတ် အသင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ပုဒ်မ ၉ မှ ပုဒ်မ ၁၃ အထိ ပြဋ္ဌာန်းချက်များမှအပ ကုမ္ပဏီ သို့မဟုတ် အသင်းနှင့် စပ်လျဉ်းသည့် ကျန်

ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၅ အရ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရရှိသူများနှင့် သက်ဆိုင်စေရမည်။

၅၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာ ပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်ရတနာ အရိုင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ ရောင်းချခြင်းလုပ်ငန်းကို လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၅၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန သို့မဟုတ် လုပ်ငန်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၃။ ဤဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းကိုမဆို -

(က) ကျောက်မျက်ရတနာ ထွက်ရှိနိုင်သည့် ဒေသအတွင်း သင့်လျော်သည့် နယ်မြေတွင် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

(ခ) သတ်မှတ်ပြီးသော ရတနာနယ်မြေအတွင်း သင့်လျော်သည့် ကျောက်မျက်ရတနာ လုပ်ကွက်များတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) သတ္တုတွင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့